# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

July 11 , 2023 Volume 68, Number 7

၁၁.၇.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၂၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၁၀.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၄.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၀၆.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၉.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၄၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၇၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၂.၂၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၀.၃၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၂၉၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## ဗီယက်နမ် လတ်ဆတ်အသီးအမျိုးမျိုးတင်ပို့မှုတွင် ဒူးရင်းသီး သရဖူဆောင်း

ဗီယက်နမ်နိုင်ငံ သစ်သီးတင်ပို့မှုတွင် ဗီယက်နမ်အကောက်ခွန်၏ အဆိုအရ နဂါးမောက်သီးတင်ပို့မှုသည် ၁၁ ရာခိုင်နှုန်း ကျဆင်းသွားသည်။

ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံနှင့် လတ်ဆတ်ဒူးရင်းသီးတင်ပို့ခြင်း လုပ်ထုံးလုပ်နည်းဆိုင်ရာ သဘောတူညီချက်ကို ယမန်နှစ်က လက်မှတ်ရေးထိုးခဲ့သည့်အတွက် လတ်ဆတ်ဒူးရင်းသီးတင်ပို့မှုပမာဏ ခုန်တက်သွားသည်။

ဗီယက်နမ်မှ တင်ပို့သော လတ်ဆတ်ဒူးရင်းသီး စုစုပေါင်း၏ ၉၆ ရာခိုင်နှုန်းကျော်ကို တရုတ်နိုင်ငံက ဝယ်ယူခဲ့သည်။ ဗီယက်နမ်မှ ယမန်နှစ်တွင် လတ်ဆတ်ဒူးရင်းသီး စုစုပေါင်း ကန်ဒေါ်လာ သန်း ၄၂၀ ဖိုး တင်ပို့ခဲ့သည်။ ဗီယက်နမ်နိုင်ငံ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များအသင်းဥက္ကဋ္ဌ ဒန်းဖုငုယင်က လတ်ဆတ်သော ဒူးရင်းတင်ပို့မှုကို ယခုနှစ်တွင် ကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံနှင့် လာမည့် နှစ်နှစ်အတွင်း ကန်ဒေါ်လာ ၂ ဘီလီယံအထိ မျှော်မှန်းထားသည်။

သို့သော် ဗီယက်နမ်သည် တရုတ်နိုင်ငံသို့ ဒူးရင်းသီးအများဆုံး တင်သွင်းသူအဖြစ် ဆက်လက်တည်ရှိနေသည့် ထိုင်းနိုင်ငံမှ ပြင်းထန်သော ပြိုင်ဆိုင်မှုကို ရင်ဆိုင်နေရသည်။ ယခုနှစ် ပထမငါးလအတွင်း တရုတ်နိုင်ငံ ဒူးရင်းသီးတင်သွင်းမှု စုစုပေါင်း ကန်ဒေါ်လာ ၂.၆၆ ဘီလီယံဖိုး၏ ၈၅% ဝန်းကျင်သည် ထိုင်းဒူးရင်းသီးများ ဖြစ်သည်။

ဗီယက်နမ်တွင် ဒူးရင်းသီးလတ်လတ်ဆတ်ဆတ်များကို တရုတ်နိုင်ငံသို့ တင်ပို့ရန်အတွက် ဒူးရင်းခြံ ၂၉၃ ခုနှင့် ထုပ်ပိုးမှု လုပ်ငန်း ၁၁၅ ခု တင်ပို့ခွင့်ရရှိထားသည်။ ဗီယက်နမ်နိုင်ငံ လတ်ဆတ်အသီးတင်ပို့မှုတွင် အများဆုံး ထိပ်တန်း ၅ မျိုးမှာ ဒူးရင်းသီး၊ နဂါးမောက်သီး၊ ငှက်ပျောသီး၊ သရက်သီး၊ ပိန္နဲသီးတို့ဖြစ်ပါသည်။

**Source: vnexpress**

https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/6477-vietnam.html


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## သုံးလအတွင်း ပြည်ပဆန်တင်ပို့နိုင်မှု တစ်နှစ်စာလျာထားချက်၏ ၁၀ ရာခိုင်နှုန်းကျော်သာရှိသေး










ယခုဘဏ္ဍာနှစ်အတွက် ဆန်တန်ချိန် (၂.၅) သန်း တင်ပို့ရန်လျာထားပေမဲ့ ပထမသုံးလပတ်အတွင်း ၁၀ ရာခိုင်နှုန်းကျော်သာ တင်ပို့နိုင်သေးတယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) ရဲ့ သတင်းထုတ် ပြန်ချက်တွေအရ သိရပါတယ်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ဆန်တန်ချိန် (၂.၅) သန်း၊ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း(၁၀၀၀) ရရှိရန် ရည်မှန်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းဆိုပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဘက်က ထုတ်ပြန်ထားတာဖြစ်ပါတယ်။ ဒါပေမဲ့ ယခု ဘဏ္ဍာနှစ် ပထမသုံးလဖြစ်တဲ့ ဧပြီ၊ မေ၊ ဇွန် သုံးလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင် ပို့နိုင်မှုမှာတော့ ၂၆၁၀၇၉ မက်ထရစ်တန်သာရှိခဲ့တာဖြစ်လို့ တစ်နှစ်စာလျာထားတင်ပို့မှုရဲ့ ၁၁ ရာခိုင်နှုန်းခန့်သာ ရှိသေးတာဖြစ်ပါတယ်။ ပို့ကုန်ဝင်ငွေအနေနဲ့လည်း အမေရိကန်ဒေါ်လာ ၁၁၂ သန်းပဲ ရှိထားသေးတာဖြစ်ပါတယ်။

ဆန်နဲ့ဆန်ကွဲ ပြည်ပတင်ပို့မှုဟာ ယခု ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီကစလို့ တောက်လျှောက်ကျဆင်းသွားတာဖြစ်ပြီး ပြီးခဲ့တဲ့မေလအတွင်းမှာ ပြန်လည်မြင့်တက်လာခဲ့ပေမဲ့ ဇွန်လအတွင်းမှာတော့ ယခုဘဏ္ဍာနှစ်သုံးလအတွင်းမှာကို အနိမ့်ဆုံးအခြေအနေထိ ရောက်သွားတာဖြစ်တယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရဲ့ သတင်းထုတ်ပြန်ချက်တွေအရ သိရပါတယ်။

တရုတ်နိုင်ငံဘက်က ဆန်ဝယ်ယူမှုအများအပြားရှိခဲ့တဲ့ ယခုနှစ်အစ ဇန်နဝါရီလအတွင်းမှာ ဆန်နှင့်ဆန်ကွဲ ပြည်ပတင်ပို့မှုဟာ ၂၆၈၈၃၅ မက်ထရစ်တန်အထိ ရောက်သွားခဲ့ရာကနေ တဖြည်းဖြည်း ပြန်လည်ကျဆင်းသွားတာဟာ ဧပြီလအတွင်းမှာတော့ စုစုပေါင်း တန်ချိန် ၈၇၆၄၈ မက်ထရစ်တန်သာ တင်ပို့ရတော့တဲ့အထိ ကျဆင်းသွားတာဖြစ်ပါတယ်။ အထူးသဖြင့် တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရမှု သိသိသာသာ လျော့ကျနေပြီး နောက်ဆုံး ဧပြီ၊ မေ၊ ဇွန်လတွေမှာဆိုရင် ဆန်တင်ပို့ရမှု ထိပ်ဆုံး ၅ နိုင်ငံစာရင်းတွေထဲမှာတောင် ပါဝင်လာတော့ခြင်း မရှိတော့ပါဘူး။

ဇွန်လအတွင်း ဆန်နှင့်ဆန်ကွဲ ပြည်ပတင်ပို့မှုစုစုပေါင်းအနေနဲ့ ၆၂၇၂၅ မက်ထရစ်တန်ရှိခဲ့ပြီး ဝင်ငွေအနေနဲ့တော့ အမေရိကန်ဒေါ်လာ ၂၈ သန်းရရှိခဲ့တယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရဲ့ သတင်းထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။ ဆန်အများဆုံးတင်ပို့ခဲ့ရတဲ့နိုင်ငံက ပိုလန်နိုင်ငံသို့ဖြစ်ပြီး ၅၆၂၅ မက်ထရစ်တန် တင်ပို့ခဲ့ရတာဖြစ်ပါတယ်။ ဆန်ကွဲအများဆုံး တင်ပို့ခဲ့ရတာကတော့ အရင်မေလကထိပ်ဆုံးဖြစ်ခဲ့တဲ့ ဘယ်လ်ဂျီယံနိုင်ငံသို့ပဲဖြစ်ပြီး စုစုပေါင်း ၁၄၇၀၀ မက်ထရစ်တန် တင်ပို့ခဲ့ရတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့နှစ်တွေအတွင်း ဆန်နှင့်ဆန်ကွဲပြည်ပတင်ပို့မှုတွေအနေနဲ့တော့ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၂၀၂၁ ဧပြီမှ ၂၀၂၂ မတ်လထိ)မှာ တန်ချိန် ၂၁၆၈၆၈၁ တန် (ပို့ကုန်ဝင်ငွေ – အမေရိကန်ဒေါ်လာ ၈၀၉.၁၃၅ သန်း) ရှိခဲ့ပြီး ပြီးခဲ့တဲ့ ၂၀၂၂ ဘဏ္ဍာနှစ် (၂၀၂၂ ဧပြီမှ ၂၀၂၃ မတ်လထိ) မှာတော့ တန်ချိန် ၂၂၆၁၂၀၃ တန် (ပို့ကုန်ဝင်ငွေ-အမေရိကန်ဒေါ်လာ ၈၅၃.၄၇၂ သန်း) ရှိခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

**Photo :Crd_MRF**

**Source:** https://greenwaymyanmar.com/posts/Rice_Export_June_2023

## တရုတ်နိုင်ငံသည် gallium နှင့် germanium တို့ ပါဝင်သည့် စက်မှုထုတ်ကုန်များတင်ပို့မှုကို ကန့်သတ်လိုက်

တရုတ်နိုင်ငံသည် ၎င်း၏ အမျိုးသားလုံခြုံရေးနှင့် အကျိုးစီးပွားအတွက် gallium နှင့် germanium တို့ ပါဝင်သော

စက်မှုထုတ်ကုန်များနှင့် ပစ္စည်းများတင်ပို့မှုကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့မှစတင်၍ ကန့်သတ်ချက် ချမှတ်သွားမည်ဟု တရုတ်နိုင်ငံကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ ပို့ကုန်ထိန်းချုပ်ရေးဥပဒေ၊ နိုင်ငံခြားကုန်သွယ်မှုဥပဒေနှင့် အကောက်ခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ semiconductor များနှင့် optoelectronic စက်ပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးပြုသည့် gallium နှင့် semiconductor လုပ်ငန်းအတွက် အရေးကြီးသော ကုန်ကြမ်းဖြစ်သည့် germanium တို့ကို ဇူလိုင်လနောက်ပိုင်းမှစ၍ ခွင့်ပြုချက်မရှိဘဲ တင်ပို့၍မရကြောင်းနှင့် gallium nitride၊ gallium oxide နှင့် zone-refined germanium ကဲ့သို့သော အခြား စက်မှုကုန်ကြမ်းပစ္စည်းများ တင်ပို့ခြင်းကိုလည်း တားမြစ်ထားကြောင်း သိရှိရပါသည်။

ပို့ကုန်လုပ်ငန်းရှင်များသည် သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပို့ကုန်လိုင်စင်များ လျှောက်ထားရန် လိုအပ်ပြီး ၎င်းတို့၏ လျှောက်လွှာများကို ပြည်နယ်ကူးသန်းရောင်းဝယ်ရေးဌာနများမှတစ်ဆင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ တင်ပြရမည်ဖြစ်ကြောင်းနှင့် ဝန်ကြီးဌာနသည် သတ်မှတ်ချိန်အတွင်း သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ စာရွက်စာတမ်းများကို သုံးသပ်စစ်ဆေးမည်ဖြစ်ပြီး သုံးသပ်မှုအပေါ်အခြေခံ၍ လိုင်စင်ထုတ်ပေးရန် (သို့မဟုတ်) ငြင်းပယ်ရန် ဆုံးဖြတ်မည် ဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံရှိ တစ်ပိုင်းလျှပ်ကူးပစ္စည်း ဈေးကွက်သုတေသနကုမ္ပဏီ JW Insights ၏ အထွေထွေမန်နေဂျာ Han Xiaomin က ယခုကန့်သတ်လိုက်သည့် ပစ္စည်းများသည် semiconductors အတွက် အရေးကြီးသော ပစ္စည်းများဖြစ်ပြီး ၎င်းတို့သည် စစ်ဘက်ဆိုင်ရာ လုပ်ငန်းများတွင် အသုံးပြုမှုများနှင့်လည်း ဆက်စပ်နေကြောင်းနှင့် ယခုကန့်သတ်မှုသည် တရုတ်နိုင်ငံအပေါ် အမေရိကန်မှ chips တင်ပို့မှု ထိန်းချုပ်ခြင်းကို တုံ့ပြန်မှုတစ်ခုဖြစ်နိုင်သည်ဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Gallium nitride သည် စွမ်းဆောင်ရည်မြင့်မားသော semiconductor ထုတ်လုပ်နိုင်သည့် ပစ္စည်းအသစ်ဖြစ်ပြီး အီလက်ထရွန်များကို ဆီလီကွန်ထက် အဆ (၁,၀၀၀) ကျော်ပို၍ ထိရောက်စွာ လုပ်ဆောင်နိုင်စွမ်းရှိသည်ဟု ကျွမ်းကျင်သူများက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။ တရုတ်နိုင်ငံ၏ gallium နှင့် germanium တို့နှင့် ဆက်စပ်ပစ္စည်းများအပေါ် ပို့ကုန်ထိန်းချုပ်ရေး အစီအမံများသည် မည်သည့်နိုင်ငံကိုမှ ပစ်မှတ်ထားခြင်းမဟုတ်ကြောင်းနှင့် ယင်းလုပ်ဆောင်ချက်များသည် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်လည်းကိုက်ညီကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက (၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၆) ရက်နေ့တွင် ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ ဆောင်ရွက်မှုများသည် အဆိုပါပို့ကုန်များအပေါ် လုံးဝတားမြစ်ခြင်းမဟုတ်ကြောင်းနှင့် သက်ဆိုင်ရာ စည်းမျဉ်းများနှင့် ကိုက်ညီသည့်ပစ္စည်းများကို တင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ Shu Jueting က ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရပါသည်။ ထို့အပြင် ကြေညာချက်မထုတ်ပြန်မီ တရုတ်-အမေရိကန်နှင့် တရုတ်-အီးယူ ပို့ကုန်ထိန်းချုပ်ရေး ဆွေးနွေးပွဲများကဲ့သို့သော လမ်းကြောင်းများမှ ကြိုတင်သတိပေးမှုများ ပြုလုပ်ခဲ့သည်ဟု သူမကပြောကြား ခဲ့ကြောင်း သိရှိရပါသည်။

**Source:** www.chinadaily.com.cn/a/202307/03/WS64a2e578a310bf8a75d6cfab.html

www.chinadaily.com.cn/a/202307/06/WS64a673f5a310bf8a75d6da31.html

**(စီးပွားရေးသံမှူး၊ နန်နင်းမြို့)**

https://myantrade.gov.mm/article/Naypyitawstp_100720230330

## တစ်ပတ်တာ အာရှဆန်ဈေးကွက် (အိန္ဒိယဆန်၊ ထိုင်းဆန်၊ ဗီယက်နမ်ဆန်)

ထိပ်တန်းအချက်အချာကျသော ဆန်တင်ပို့သည့်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံမှ တင်ပို့သည့် ဆန်ဈေးနှုန်းများသည် စပါး အလုံအလောက်မရနိုင်ဟု စိုးရိမ်မှုများကြောင့် ယခုသီတင်းပတ်တွင် ငါးနှစ်တာအတွင်း အမြင့်ဆုံးသို့မြင့်တက်ခဲ့သည်။ ဝယ်လိုအားကောင်းနေသည့် ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့၏ ပို့ကုန်ဆန်ဈေးနှုန်းများမှာ နှစ်နှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိ

နေသည်။

၅% ဆန်ကွဲပါ အိန္ဒိယပေါင်းဆန် RI-INBKN5-P1 အမျိုးအစား ခေါ်ဈေး တစ်တန်လျှင် ယခင်အပတ်က $409-$416 ရှိခဲ့ပြီး ယခု အပတ်တွင် $412-$420 သို့ မြင့်တက်လာပါသည်။ ဈေးအမြင့်တန်းသို့ ရောက်ရှိနေသဖြင့် ဝယ်လိုအား အသင့်အတင့်သာ ရှိသည်။ ပို့ကုန်ဆန်ဈေးနှုန်းသည် ဆက်လက်မြင့်တက်ဖွယ်ရှိသည်။ အကြောင်းမှာ အစိုးရက အရန်ဆန်အတွက် ဝယ်ယူရာတွင် စပါးဈေးနှုန်းကို မြှင့်တင်သတ်မှတ်ပြီး ဝယ်ယူနေသဖြင့် ဈေးကွက်ထဲ ဆန်အဝင်နည်းနေသည်။

အယ်နီညိုသည် စပါး အဓိက ထုတ်လုပ်သည့်နေရာများ၏ အထွက်နှုန်းကို ထိခိုက်သည့်အပြင် ထိပ်တန်းတင်ပို့သူ အိန္ဒိယသည် လယ်သမားများ စပါးရောင်းချခြင်းမှ ဝင်ငွေတိုးရန် ဈေးနှုန်းမြှင့်တင်သတ်မှတ်ပေးထားသဖြင့် အိန္ဒိယ ပို့ကုန်ဆန်ဈေး မြင့်တက်လာသည့်အလျောက် ကမ္ဘာ့ဆန်ဈေးနှုန်းများ ၁၁ နှစ်အတွင်း အမြင့်ဆုံးသို့ရောက်ရှိနေသည်အထိ မြင့်တက်လာသည်။

၅% ဆန်ကွဲပါ ဗီယက်နမ်ဆန် RI-VNBKN5-P1 အမျိုးအစား ခေါ်ဈေး တစ်တန်လျှင် $500-$510 ရှိပြီး ယခင်အပတ်က ဈေးအတိုင်း အမြင့်ဈေးမှာ ဈေးငြိမ်နေသည်။ ဝယ်လိုအားကောင်းပြီး ပို့ကုန်လုပ်ငန်းရှင်များသည် ၎င်းတို့၏ ပို့ကုန်စာချုပ်များ အတွက် အချိန်မီတင်ပို့ပေးနိုင်ရန်အတွက် လယ်သမားများထံမှ စပါးကို အလျင်စလိုဝယ်ယူနေကြသည်။ ပြည်ပ ဝယ်လိုအားသည် ယခုနှစ်ကုန်အထိ ဆက်ကောင်းနေဦးမည်ဟု ခန့်မှန်းထားကြသည်။

ဗီယက်နမ်ဆန်ကို အာဖရိက၊ အင်ဒိုနီးရှားနှင့်ဖိလစ်ပိုင်တို့ထံ အဓိကအားဖြင့် တင်ပို့နေသည်။ ၅% ဆန်ကွဲပါ ထိုင်းဆန် RI-THBKN5-P1 ခေါ်ဈေး တစ်တန်လျှင် $515 ရှိသည်။ ယခင်အပတ်က ဈေးအတိုင်း အမြင့်ဈေးမှာ ဈေးငြိမ်နေသည်။ ဈေးအမြင့်မှာ ဆက်ရှိနေသည်မှာ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှားနှင့် အာဖရိကနိုင်ငံအချို့တို့ထံမှ ဝယ်လိုအား ဆက်ကောင်း နေသောကြောင့်ဖြစ်သည်။ ၎င်းနိုင်ငံများသည် အယ်နီညိုကြောင့် မိုးခေါင်နိုင်သဖြင့် ဆန်များ ဝယ်ယူတင်သွင်းကာ သိုလှောင် နေကြသည်။

**Source : Reuters**

https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/6466-asia-rcie-july-7.html

## ၂၀၂၂-၂၀၂၃ သီးနှံရာသီအတွက် တတိယအကြိမ်မြောက် သန့်စင်ပြီးသကြားတင်သွင်းခွင့်အစီအစဉ်အား သမ္မတမားကို့စ်မှ အတည်ပြုထုတ်ပြန်

ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနလက်အောက်ခံ Sugar Regulatory Administration (SRA) မှ ၂၀၂၃ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့က ၂၀၂၂-၂၀၂၃ သီးနှံရာသီအတွက် တတိယအကြိမ် သကြားတင်သွင်းခြင်းဆိုင်ရာ အစီအစဉ်နှင့်စပ်လျဉ်းသည့် Sugar Order No (7) အား ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါ အမိန့်ကြော်ငြာစာတွင် သန့်စင်ပြီးသကြားတန်ချိန် ၁၅၀,၀၀၀ မက်ထရစ်တန်အား တင်သွင်းသွားမည်ဖြစ်ပြီး တင်သွင်းမည့် သကြားအပေါ်တွင် စာရင်းရှင်းလင်းထိန်းသိမ်းခအနေဖြင့် ၅၀ ကီလိုတစ်အိတ်လျှင် ပီဆို ၃၀ ကောက်ခံသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

တွက်ချက်မှုများအရ တင်သွင်းမည့်သကြားအပေါ်ကောက်ခံမည့် စာရင်းရှင်းလင်းထိန်းသိမ်းခအနေဖြင့် ပီဆို ၉၉ သန်းခန့် စာရင်းရှင်းလင်းထိန်းသိမ်းခ ရရှိမည်ဖြစ်ပါကြောင်း၊ တင်သွင်းခွင့်ရရှိမည့် သကြားများအတွက် ၅၀ ကီလိုပါ တစ်အိတ်လျှင် ပီဆို ၇၅၀ နှုန်းဖြင့် စာချုပ်ချုပ်ဆိုရမည်ဟု အမိန့်ကြော်ငြာစာတွင် ဖော်ပြပါရှိပါကြောင်း၊ ၂၀၂၂-၂၀၂၃ သီးနှံရာသီအတွက် တတိယ အကြိမ် သကြားတင်သွင်းမည့်အစီအစဉ်အား သမ္မတမားကို့စ်မှ အတည်ပြုလက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီး ပြည်တွင်းသကြား ဖူလုံမှုရှိစေရန်နှင့် ကျန်သည့်ပမာဏမှာ အရန်သကြားရိက္ခာအတွက်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

၂၀၂၂ ခုနှစ် ဩဂုတ်လတွင် သကြားစက်ရုံများမှ စတင်ထုတ်လုပ်သည့် ကာလစောခဲ့ခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်းနှင့် ပြည်တွင်းဝယ်လိုအား တိုးမြင့်ခဲ့ခြင်းတို့ကြောင့် သကြားထုတ်လုပ်နိုင်မှု လျော့နည်းခဲ့သဖြင့် သမ္မတမားကို့စ်ဦးဆောင်သော

စိုက်ပျိုးရေးဝန်ကြီးဌာနနှင့် SRA မှ တာဝန်ရှိသူများမှ ယခုနှစ် ဖေဖော်ဝါရီလက ထုတ်ပြန်ခဲ့သည့် Sugar Order No (6) တွင် လိုအပ်ချက်များရှိခဲ့သည်ကို သတိပြုမိခဲ့ပါကြောင်း ဖော်ပြထားပါသည်။

ယခုနောက်ဆုံးထုတ်ပြန်သည့် သကြားတင်သွင်းမှုအစီအစဉ်တွင်မူ မှတ်ပုံတင်ထားသည့် သကြားတင်သွင်းသူ Registered SRA International Traders များမှ လိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများဖြင့် သကြားတင်သွင်းခွင့် လျှောက်ထားနိုင်ပါကြောင်း၊ SRA Board မှ လိုအပ်သည့် အချက်အလက်များအား စစ်ဆေးပြီး သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသည့် သကြားတင်သွင်းသူများအား တင်သွင်းခွင့်ပမာဏကို သတ်မှတ်ပေးသွားမည်ဖြစ်ပါကြောင်း၊ တင်သွင်းခွင့် ရရှိသူများအနေဖြင့် ၎င်းတို့ခွဲဝေရရှိထားသည့် တင်သွင်းခွင့်ပမာဏအတိုင်း ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့ထက် နောက်မကျစေဘဲ တင်သွင်းရန်လိုအပ်ပါကြောင်း အမိန့်ကြော်ငြာစာတွင် ဖော်ပြပါရှိပါသည်။

ထို့နောက် တင်သွင်းသူတစ်ဦးချင်းစီသည် ကုန်ပစ္စည်းအမှန်တကယ်ရောက်ရှိပြီး တစ်လအတွင်း အပြီးဖြန့်ချိသွားရန်နှင့် အမှန်တကယ်ဖြန့်ချိပြီးသည့် ပမာဏအထောက်အထားများနှင့်တကွ SRA သို့ ပြက္ခဒိန်ရက် ၃၀ ရက်အတွင်း တင်ပြသွားရမည် ဖြစ်ပါသည်။ သတ်မှတ်ရက် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့မတိုင်မီ သကြားတင်သွင်းခွင့် သတ်မှတ်ခွဲတမ်းအတိုင်း မရောက်ရှိပါက သင့်တော်သည့်ဒဏ်ကြေးနှင့် အရေးယူမှုများအား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖော်ပြထားပါသည်။

**(စီးပွားရေးသံမှူး၊ မနီလာမြို့)**

**Source:** https://myantrade.gov.mm/article/Naypyitawstp_100720230225

## STOCK EXCHANGE (11.7.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 12th Jul. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 22,818 (Shares) | 46,203,000 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | +0 | +0.00% | 8,000 | 8,100 | 8,000 | 746 | 6,034,400 | 33,109,694 | 268,189 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 680 | 1,938,000 | 38,929,150 | 110,948 |
| MCB | 00003 | 7,100 | +0 | +0.00% | 7,100 | 7,100 | 7,100 | 0 | 0 | 10,400,986 | 73,847 |
| FPB | 00004 | 1,550 | +50 | +3.33% | 1,500 | 1,550 | 1,500 | 3,033 | 4,600,150 | 29,664,613 | 45,980 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 0 | 0 | 12,823,224 | 30,776 |
| EFR | 00006 | 2,450 | +0 | +0.00% | 2,350 | 2,450 | 2,350 | 1,005 | 2,362,250 | 19,977,223 | 48,944 |
| AMATA | 00007 | 4,800 | -200 | -4.00% | 4,800 | 4,800 | 4,800 | 277 | 1,329,600 | 10,497,598 | 50,389 |
| MAEX | 00008 | 1,800 | +0 | +0.00% | 1,750 | 1,800 | 1,750 | 17,077 | 29,938,600 | 23,804,946 | 42,849 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 12th Jul. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 356.23 | -0.33 | -0.09% | 353.11 | 356.29 | 353.11 | 22,818 | 46,203,000 | 8 | 671,922 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 12th Jul. 2023

| Trading Volume | Trading Value |
|---|---|
| 32,818 (Shares) | 63,703,000 (MMK) |

### Main Board

As of 1:00 pm, 12th Jul. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 32,818 (Shares) | 63,703,000 (MMK) |

| MYANPIX | 356.23 ▼ 0.33 |
|---|---|
| Total Volume (shares) | 22,818 |
| Total Value (MMK) | 46 mil |
| Listed Company | 8 |
| Market Cap. (MMK) | 671,922 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,100 | ▲ 0 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 7,100 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 50 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,450 | ▲ 0 |
| AMATA | 00007 | 4,800 | ▼ 200 |
| MAEX | 00008 | 1,800 | ▲ 0 |

TIR